# နိုင်ငံတကာအကျိုးစီးပွားနှင့်သက်ဆိုင်သည့် လေယာဉ်ပစ္စည်းကိရိယာများဆိုင်ရာဥပဒေ

(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၇ ။)

၁၃၇၆ခုနှစ်၊ဝါခေါင်လဆန်း၆ရက်

(၂၀၁၄ခုနှစ်၊ ဩဂုတ်လ ၁ရက်)

## နိဒါန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံက လက်ခံထားသော နိုင်ငံတကာ အကျိုးစီးပွားနှင့် သက်ဆိုင်သည့် ရွေ့လျားနိုင်သော ပစ္စည်းကိရိယာများဆိုင်ရာ ကွန်ဗင်းရှင်း (Cape Town Convention) နှင့် ယင်းကွန်ဗင်းရှင်း (Convention) ၏ နောက်ဆက်တွဲ လေယာဉ်ပစ္စည်းကိရိယာ သီးသန့်ကိစ္စရပ်များဆိုင်ရာ ပရိုတိုကောလ် (Cape Town Protocol) တို့ပါ ပြဋ္ဌာန်းချက်များကို အကောင် အထည်ဖော် ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်များ

၁။ ဤဥပဒေကို နိုင်ငံတကာအကျိုးစီးပွားနှင့်သက်ဆိုင်သည့် လေယာဉ် ပစ္စည်းကိရိယာများဆိုင်ရာ ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) ကွန်ဗင်းရှင်း (Convention)ဆိုသည်မှာ၂၀၀၁ ခုနှစ်၊ နိုဝင် ဘာလ ၁၆ ရက်နေ့တွင် ကိပ်တောင်းမြို့၌ သဘောတူ အတည်ပြုပြဋ္ဌာန်းသည့် ရွေ့လျားနိုင်သော ပစ္စည်းကိရိယာဆိုင်ရာ နိုင်ငံတကာအကျိုးစီးပွားများကွန်ဗင်းရှင်း (Convention) ကို ဆိုသည်။

(ခ) ပရိုတိုကောလ်(Protocol) ဆိုသည်မှာကွန်ဗင်းရှင်း (Convention) ၏ လေယာဉ်ပစ္စည်း ကိရိယာ သီးသန့် ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် ပရိုတိုကောလ်(Protocol) ကို ဆိုသည်။

(ဂ) ပထမဇယား ဆိုသည်မှာ ကွန်ဗင်းရှင်း (Convention) ပါ ပြဋ္ဌာန်းချက်များကိုဤဥပဒေတွင် ပထမဇယားအဖြစ် အသေးစိတ်ဖော်ပြထားသည့် ဇယားကိုဆိုသည်။

(ဃ) ဒုတိယဇယား ဆိုသည်မှာ ပရိုတိုကောလ် (Protocol) ပါ ပြဋ္ဌာန်းချက်များကို ဤဥပဒေတွင် ဒုတိယဇယားအဖြစ် အသေးစိတ်ဖော်ပြထားသည့် ဇယားကိုဆိုသည်။

(င) ကြေညာချက်ဆိုသည်မှာ ကွန်ဗင်းရှင်း(Convention)အရ ဖြစ်စေ၊ ပရိုတိုကောလ် (Protocol) အရဖြစ်စေ ဝန်ကြီးဌာန က ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ပြုလုပ်သော ကြေညာချက်ကို ဆိုသည်။

(စ) လေယာဉ်ပစ္စည်းကိရိယာများဆိုသည်မှာ ပရိုတိုကောလ် (Protocol) ၏ ဗမအခေနေ ။ (၂)(ခ) တွင် အဓိပ္ပာယ်ဖွင့်ဆို ထားသည့်အတိုင်း လေယာဉ်ကိုယ်ထည်များ၊ လေယာဉ်အင်ဂျင်များနှင့် ရဟတ်ယာဉ် များဆို ဆိုသည်။

(ဆ) တရားရုံး ဆိုသည်မှာ ကွန်ဗင်းရှင်း (Convention) Article 1(h) ပါ အဓိပ္ပာယ် ဖွင့်ဆိုချက် အလို့ငှာ ကွန်ဗင်းရှင်း (Convention) Article 13 ပါ သက်သာခွင့်များ တောင်း ဆိုမှုနှင့် စပ်လျဉ်း၍ ပြည်ထောင်စု တရားလွှတ်တော်ချုပ်က သီးခြားစီရင်ပိုင်ခွင့် အာဏာအပ်နှင်းသော တရားရုံးတစ်ခု ခုကိုသော်လည်းကောင်း၊ တည်ဆဲဥပဒေအရ တည်ထောင်သည့် အနုညာတခုံသမာဓိရုံးတစ်ခုခုကိုသော်လည်းကောင်း ဆိုသည်။

(ဇ) ကြွေးမြီရှင် ဆိုသည်မှာ ကွန်ဗင်းရှင်း (Convention) Article 1(i) တွင်အဓိပ္ပာယ် ဖွင့်ဆိုထားသည့် အတိုင်းငွေကြေး အာမခံချက် သဘောတူညီချက်အရ ကြွေးမြီရပိုင်ခွင့်ရှိသူကို သော်လည်းကောင်း၊ ပေးဆပ်ရန်ငွေကြေးချန်ထားသော အရောင်းစာချုပ်အရ စည်းကမ်းချက်ဖြင့် ရောင်းချသူကို သော်လည်းကောင်း၊ အငှားစာချုပ်အရ ငှားရမ်းသူကိုသော် လည်းကောင်း ဆိုသည်။

(ဈ) ကြွေးမြီပေးဆပ်ရမည့်သူ ဆိုသည်မှာ ကွန်ဗင်းရှင်း (Conven-tion) Article 1(j) တွင် အဓိပ္ပာယ် ဖွင့်ဆိုထားသည့်အတိုင်း ငွေကြေးအာမခံချက်သဘောတူညီချက်အရ ကြွေးမြီ ပေးဆပ် ရမည့်သူကိုသော်လည်းကောင်း၊ ပေးဆပ်ရန် ငွေကြေးချန် ထားသော အရောင်း စာချုပ်အရ စည်းကမ်းချက်ဖြင့်ဝယ်ယူသူ ကိုသော်လည်းကောင်း၊ အငှားစာချုပ်အရ အငှားယူသူကို သော်လည်းကောင်း၊ မှတ်ပုံတင်နိုင်သည့် သဘောမတူသော အခွင့်အရေး သို့မဟုတ် အကျိုးစီးပွားဖြင့် ပစ္စည်းတစ်ခုခုတွင် အကျိုးအမြတ်ပေးဆပ်ရန် တာဝန်ရှိသော သူကိုသော်လည်း ကောင်းဆိုသည်။

(ည) ဝန်ကြီးဌာန ဆိုသည်မှာ ပြည်ထောင်စုအစိုးရပို့ဆောင်ရေး ဝန်ကြီးဌာနကို ဆိုသည်။

(ဋ) ကြီးကြပ်ရေးအာဏာပိုင်အဖွဲ့ဆိုသည်မှာကွန်ဗင်းရှင်း (Convention) Article 17(1) အရ ကွန်ဗင်းရှင်း (Convention) နှင့်ပရိုတိုကောလ် (Protocol) တို့ပါ ပြဋ္ဌာန်းချက်များကို အကောင်အထည် ဖော်ဆောင်ရွက်ရာတွင် ကြီးကြပ်ကွပ်ကဲနိုင်ရန် ဤဥပဒေ ပုဒ်မ ၅ အရ ဖွဲ့စည်းသော အာဏာပိုင်အဖွဲ့ ကိုဆိုသည်။

(ဌ) မှတ်ပုံတင်အရာရှိ ဆိုသည်မှာ ကွန်ဗင်းရှင်း (Convention) ဗမအခေနေ ၁၇(၂) အရ ကွန်ဗင်းရှင်း (Convention) နှင့် ပရိုတို ကောလ်(Protocol)တို့ပါ မှတ်ပုံတင်လုပ်ငန်း

များကို ဆောင်ရွက်ရန် ဤဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ (ခ) အရ ခန့်အပ်တာဝန်ပေးခြင်း ခံရသော အရာရှိကို ဆိုသည်။

## အခန်း (၂)

## ကွန်ဗင်းရှင်း (Convention) နှင့် ပရိုတိုကောလ်(Protocol)တို့ ဥပဒေအာဏာ သက်ရောက်ခြင်း

၃။ဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ကွန်ဗင်း ရှင်း (Convention) သို့မဟုတ် ပရိုတိုကောလ်(Protocol)နှင့်အညီ ပြုလုပ် ထားသည့် ပုဒ်မ ၄ ပါ ကြေညာချက်များအရပထမဇယားဖြင့် ဖော်ပြထား သော ကွန်ဗင်းရှင်း (Convention) ပါ ပြဋ္ဌာန်းချက်များနှင့် ဒုတိယဇယားဖြင့် ဖော်ပြထားသော ပရိုတိုကောလ်(Protocol) ပါ ပြဋ္ဌာန်းချက်များသည် ပြည် ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ဤဥပဒေ၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ဥပဒေကဲ့သို့ အာဏာသက်ရောက်စေရမည်။

၄။ဝန်ကြီးဌာနသည် ပြည်ထောင်စု အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့်-

(က) ကွန်ဗင်းရှင်း (Convention) ကို ဖြစ်စေ၊ ပရိုတိုကောလ် (Protocol) ကိုဖြစ်စေအဖွဲ့ဝင် အဖြစ် သဘောတူလက်ခံ သည့်အချိန်တွင် ထိုကွန်ဗင်းရှင်း (Convention) သို့မဟုတ် ပရိုတိုကောလ် (Protocol) ပါပြဋ္ဌာန်းချက်များ အားလုံးကို သော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကို သော်လည်းကောင်း အကျိုးသက်ဆိုင်ခြင်းနှင့် စပ်လျဉ်း၍ လိုအပ်သော ကြေညာချက်များ ထုတ်ပြန်နိုင်သည်။

(ခ) ပုဒ်မခွဲ (က)ပါ ပြဋ္ဌာန်းချက်များ အကျိုးသက်ဆိုင်ခြင်းနှင့် စပ်လျဉ်း၍ လိုအပ်သော နောက်ဆက်တွဲ ကြေညာချက်များ ထုတ် ပြန်နိုင်သည်။

(ဂ) ပုဒ်မခွဲ(က)နှင့် (ခ) တို့ပါ ကြေညာချက်များကို ကွန်ဗင်းရှင်း (Convention) နှင့် ပရိုတိုကောလ် (Protocol) တို့ပါ ပြဋ္ဌာန်း ချက်များနှင့်အညီ ပြန်လည်ရုပ်သိမ်းနိုင်သည်။

## အခန်း (၃)

## ကြီးကြပ်ရေးအာဏာပိုင်အဖွဲ့ ဖွဲ့စည်းခြင်းနှင့် မှတ်ပုံတင်အရာရှိခန့်အပ်ခြင်း

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည်-

(က) ကွန်ဗင်းရှင်း (Convention) နှင့် ပရိုတိုကောလ် (Protocol) တို့ပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကြီးကြပ်ကွပ်ကဲနိုင်ရန် ဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီးက ဥက္ကဋ္ဌအဖြစ်ပါဝင်စေလျက် အခြားသင့်လျော်သော ပုဂ္ဂိုလ်များဖြင့် ကြီးကြပ်ရေးအာဏာပိုင်အဖွဲ့ကို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ (က)အရ ကြီးကြပ်ရေးအာဏာပိုင်အဖွဲ့ ဖွဲ့စည်းရာတွင် အတွင်းရေးမှူးကို ထည့်သွင်း သတ်မှတ်၍ ဖွဲ့စည်းရမည်။ လိုအပ်ပါက ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက် အတွင်းရေးမှူး တို့ကို သတ်မှတ် တာဝန်ပေးနိုင်သည်။

(ဂ) ကြီးကြပ်ရေးအာဏာပိုင်အဖွဲ့ကို လိုအပ်ပါကပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၆။ ကြီးကြပ်ရေးအာဏာပိုင်အဖွဲ့သည် ကွန်ဗင်းရှင်း (Convention) နှင့် ပရိုတိုကောလ် (Protocol) တို့၌ ပါရှိသော-

(က) တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ပိုင်ခွင့် ရှိ စေရမည်။

(ခ) မှတ်ပုံတင်လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် ဝန်ကြီး ဌာနမှ သင့်လျော်သော အရာရှိတစ်ဦးကို မှတ်ပုံတင်အရာရှိ အဖြစ် ခန့်အပ်တာဝန်ပေးရမည်။

၇။ ကြီးကြပ်ရေးအာဏာပိုင်အဖွဲ့နှင့် မှတ်ပုံတင်အရာရှိတို့သည် ကွန်ဗင်းရှင်း (Convention) နှင့် ပရိုတိုကောလ် (Protocol) တို့ပါ အထူးအခွင့် အရေးနှင့် ကင်းလွတ်သက်သာခွင့်များကို ခံစားခွင့်ရှိစေရမည်။

## အခန်း (၄)

## အထွေထွေ

၈။ တည်ဆဲဥပဒေများတွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ ပထမဇယားနှင့် ဒုတိယဇယားတို့၌ ဖော်ပြထားသော ကွန်ဗင်းရှင်း (Convention) နှင့် ပရိုတိုကောလ် (Protocol) တို့ပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်သမျှ ဤဥပဒေ အရ အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

၉။ ရွှေ့လျားနိုင်သော ပစ္စည်းကိရိယာများကိုဖြစ်စေ၊ အပေါင်အနှံပြုလုပ်ခြင်း သို့မဟုတ် ကြွေးမြီ တာဝန်ရှိခြင်းနှင့် စပ်လျဉ်း၍ ဤဥပဒေနှင့်အညီ မှတ်ပုံတင်ပါက မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပါ အပေါင်အနှံပြုလုပ်ခြင်းဆိုင်ရာ ကိစ္စရပ်များအတွက် မှတ်ပုံတင်ခြင်း ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်ခြင်း မရှိစေရ။

၁၀။ သက်ဆိုင်ရာ တရားရုံးသည် ကြွေးမြီရှင်က ကြွေးမြီပေးဆပ်ရမည့်သူ အပေါ် သက်သာခွင့် တောင်းဆိုမှုများနှင့် စပ်လျဉ်း၍ တည်ဆဲမြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေနှင့် လူမွဲအဖြစ်ခံ ယူခြင်း အက်ဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ ကြွေးမြီပေးဆပ်ရမည့်သူက ကုမ္ပဏီကို စာရင်းရှင်းလင်းဖျက်သိမ်းသည့်အခါတွင် ဖြစ်စေ၊ လူမွဲအဖြစ်ဆုံးဖြတ်ကြေညာ ခြင်းခံရသည့် အခါတွင် ဖြစ်စေ ဤဥပဒေပါ ကွန်ဗင်းရှင်း (Convention) နှင့် ပရိုတိုကောလ် (Protocol) တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ စီရင်ဆုံးဖြတ် ရမည်။

၁၁။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပြဋ္ဌာန်းပါရှိစေကာမူ ဤ ဥပဒေပါပြဋ္ဌာန်းချက် တစ်ရပ်ရပ်နှင့် ညီညွတ်မှုမရှိသော သို့မဟုတ်ဆန့်ကျင် ကွဲလွဲသော ပြဋ္ဌာန်းချက်များကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များက လွှမ်းမိုး စေရမည်။

၁၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူ ညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ကြီးကြပ်ရေးအာဏာပိုင်အဖွဲ့နှင့် ဝန်ကြီးဌာနတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံး လုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာနသည် လိုအပ်သော အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ)သိန်းစိန်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်